၃၁၃
ခပ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# သင်္ခေပ နယ ဓမ္မ
# ပဒေသာကျမ်း

ဒါန- သီလ- သမထ- ဘာဝနာတို့ကို ပါဠိတော်အဋ္ဌကထာ
လာသည့်အတိုင်း၊ ကဗျာ- လင်္ကာ တေးထပ်စသော
မြန်မာ ဘာသာသက်သက် ရေးသားစီကုံးထား
သောကျမ်းကလေး တကျမ်းဖြစ်သည်။

သာသနာ့ရိပ်သာဒဆောက်လုပ်ရန်သာ။
၁၃၃၁—ခုနှစ် သီတင်းကျွတ်လဆန်း ၁၂-ရက်၊
(၂၃-၁၀-၆၉)

**နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊**

**ဓမ္မပဒေသာ၊ အကျဉ်းများ**

(၁) ရတနာသုံးရပ်၊ ဆည်းကပ်သူမှာ၊ ဘေးရန်ခပ်သိမ်း
ကင်းငြိမ်းမှုသော၊ ချမ်းသာသုခ၊ မုချမကွာကုသလ၊
ပြုကြများသူပါ။

(သာသနာ့ရိပ်သာ ဆောက်လုပ်ရန် သာသနာပြု ဓမ္မကထိက)



**ဆရာတော်ဦးဩဘာသ**

**(ပဋ္ဌ၊ပွန်ဘ၀-ရွှေဝ်နှ၁၆)**

(၂) ယုံကြည်မြတ်နိုး၊ ရှိခိုးပန်ထွာ၊ ရန်ဟူသမျှ၊ မြူမခပါ၊ ဘေးရန်ကင်းငြိမ်း၊ ဖေဆောင်ခြင်းရတနာ၊ နိဗ္ဗာန်နန်း၊ တက်လှမ်းစေဘို့ရာ၊

**နမောတဿ၊ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**သံသရာ၌ စွဲနေသောဒုက္ခများ**

----၀----

(က) အကုသိုလ်စွဲ၊ ကုသိုလ်စွဲ၊ အစွဲနှစ်ပါးရှိ၊

၁။ အကုသိုလ်စွဲ၊ ပါယ်ငရဲ၊ ရောက်မြဲကံသိ။

၂။ ကုသိုလ်စွဲမူ၊ သံသရာကူ နတ်ရွာသုဂတိ။

၃။ သမာဓိစွဲ၊ သတိတည်း၊ ဗြဟ္မာနတ်ပြည်ထိ။

နိဗ္ဗာန် အစွဲပြုတ်ပုံ။

၀....

(ခ) သာသနာမြဲ၊ နေ့ညကြဲ၊ အေးငြိမ်းသုခသိ၊

သဘောထားကြပါ။

(ဂ) တရားတော်မြတ်အတိုင်းနေထိုင်ကျင့်သုံးပါက၊ တရားတော်ကသာလျှင်၊ ပြန်လည်စောင့်ရှောက်မည်။

## ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား သတိပေး
## နှိုးဆော်ချက်။ ဓမ္မဂီတ

...၁...

(က) ဘုရားနှင့်တွေ့ပေမည့်၊ အလကားဟော့၊ မင်းတို့မှာ၊
အကျွတ်နှင့်ဝေးရေးလွတ်သေးပေါင်သည်သာသနာ
၌၊ ကမ္ဘာသတိကင်းတာကြောင့် အရာရာသိမပေင်း၊
ဖျင်းတဲ့လူပါ၊ ဓါတ်ခြောက်ဖြာ ဝိဇ္ဇာမျိုးဟာကာ၊
မပြည့်ဖြိုးနဲ့ကဲ့ရှာ၊ လွဲပါပေါ့သည်ဘုရား၊ မှင် ဝား
နော်၊ ဓါတ် သွား ကို ဉာဏ်မမျှော်လျှင်ဖြင့်၊
ကိုယ်ပေါ်တိုင် ရင်ဆိုင်တွေ့ပေမဲ့၊ ပညာဉာဏ် သူ
မပြည့်တယ်၊လွဲပေပ၊ ပါမွှား၊

(ခ) မတ်မရလျှင်ဖြင့်၊ ခက်ကြွလိမ့်မယ်ဆရာထင်၊ သတိနေ
လိုက်ပါဘိ၊ သိဘဲရယ်ဉာဏ်နဲ့လို၊ အဒေါက်ဝေးဆုံး
အပါယ်တွင်းကို၊ ဆင်းမဲ့သာပြင်၊ ကျွတ်ခွင့် ဆိုက်ပါ
လျက်၊ လွတ်သင့်ထိုက်သာသနာတွင်၊ ဘာသင်ပွဲနေ
သတုံး၊ စောက်ချက်နှော်၊ ဖေါက်လျှက်ကယ်ဉာဏ်
မချော်နှင့်၊ မျှော်လိုက်လျှင်၊တယ်မဝေးပါဘူး၊ အေး
ဘို့ကြံအုံး။

(ဂ) ဘေးဖြစ်ထာ နလ ားစွာအမြင်ဇာန်းတာကြောင့် ပင်
ပန်းရှာသူအချို့မှာ၊ ပူ မဆုံး၊သနားလေနော်၊တရား
ကိုအရည်ဖျော်လို့၊ တဇွန်းနှော်သွန်းကော်တိုက်ချင်

လှ၊ ပြေလာသူနာမိုက်တို့မှာ၊ မောဟိုက်လို ရှုံးကြ
တော့၊ သံသရာစတာတစိုက်မှာ၊ မျောလိုက်ကြအုံး။

သံသရာ၌လည်သောဒါနသီလသမထလုပ်ပုံများ။ဓမ္မဂီတ
....၁...

(က) ။ဒါနရှင် သူတော်ကောင်းတို့၊ စဉ်းစားဘို့ရာ၊ အချိန်
တော်ပြီ၊ လူ့ပြည်ကိုလိုချင်အားကြောင့် ဆုတောင်း
မှားတာကြာလေပြီ၊ သံသရေ ငွေတံကျင်များက၊ ဘုံ
သုံးဖါးလောကတူညီ၊ သံလျက်သွားမှာ၊ ပျားသကာ
လိမ်းကျံသည်၊ အချိုများမက်တာကြောင့်၊ သံလျက်
ကိုမမြင်နိုင်ပြီ၊ ဒါနပြုရာငါပါမှုကြောင့်၊ သံတကျင်
စူးရရှာလေသည်။
(ခ) သီလရှင် သူတော်ကောင်းတို့၊ စဉ်းစားဘို့ရာ အချိန်
တော်ပြီ၊ နတ်ပြည်ကိုလိုချင်အားကြောင့် ဆုတောင်း
မှားတာကြာလေပြီ၊ သံရေငွေတံကျင်များက ဘုံသုံး
ပါးလောကတူညီ၊သံလျက်သွားမှာ ပျားသကာလိမ်း
ကျံသည်၊ အချိုများမက်တာကြောင့်၊ သံလျက်ကို
မမြင်နိုင်ပြီ၊ သီလပြုရာငါပါမှုကြောင့် ငွေတံကျင်စူး
ရရှာလေသည်။
(ဂ) သမထရှင်သူတော်ကောင်းတို့၊ စဉ်းစားဘို့ရာ အချိန်
တော်ပြီ၊ ဗြဟ္မာပြည်ကိုလိုချင်အားကြောင့်၊ဆုတောင်း

မှားတာကြွစလေပြီ၊ သံရွှေငွေတံကျင်များက၊ ဘုံသုံးပါး လောကတူညီ၊ သံလျက်သွားမှာပျားသကာလိမ်းကျံသည်းအချိုများမက်တာကြောင့်သံလျက်ကိုမမြင်နိုင်ပြီ၊ သမထပြုရာ ငါပါမှုကြောင့် ရွှေတံကျင်စူးရရှာလေသည်။

## ပရမတ္တဒီပနိဋ္ဌိကာမှလာသော

## သစ္စာလေးချက်ဓမ္မစက်တရားတော်ကြီးနှင့် မှတ်သား၊ဘွယ်ရာ

## ကဗျာသင်္ကေတသံပေါက်များ။

—၀—

(က) သံသရာလုံးစဆုံးမကျန်၊ ဘဖုံးဖုံးနှင့်ရှုံးခဲ့ရပြန်၊ကိလေနက်နက်ဖြစ်ပျက်နာဟန်၊ တသေထဲသေမြဲသေရပြန်။

(ခ) ။ဘုရားပွင့်မှကြားခွင့်ကြုံလာ၊ နာရကြားရ၊မှားသမျှပယ်ခွ။ ဘုရားဟောမြဲမလွဲမှန်စွာ၊ သစ္စာလေးပုံ မွေးဒေသနာ။

(ဂ) ။ဖြစ်ပျက်နာမ်ရုပ်.... ဒုက္ခသစ္စာ၊ ဖြစ်ပျက်နှစ်သက်.... သမုဒယသစ္စာ၊ ဖြစ်ပျက်ရှုက....မဂ္ဂသစ္စာ၊ ဖြစ်ပျက်ငြိမ်း ဇာတ်သိမ်းနိရောဓ ါ။

လင်္ကာ။ ဒုက္ခသစ္စာသိဘို့ရာလွန်စွာနက်လှသည်။

(၁) ။ခန္ဓာနာမ်ရုပ်ဒုက္ခသစ္စာ၊ ဆင်းရဲဆိုလဲ ကိုယ်ထဲကပါ၊ ဤကိုယ်ကာယဒုက္ခသစ္စာ၊ ဝဋ္ဋဒုက္ခမုချမချွမ်းသာ။

လင်္ကာ။ သမုဒယသစ္စာသိဘို့ရာလွန်စွာနက်လှသည်။

(၂) ။တဏှာဒိဋ္ဌိစရိုက်လေ၊ ဆင်းရဲအပေါင်း ဖြစ်ကြောင်းမှန်ပေ၊ ရေမြေမျိုးလဲ၊ အမြဲချိန်နေ၊ သစ်ပင်ပြီးဖြစ်နည်းတူလှပေ။

လင်္ကာ။ မဂ္ဂသစ္စာသိဘို့ရာလွန်စွာနက်လှသည်။

(၃)။ မဂ္ဂင်ရှစ်ပါးမှာ။စဉ်လာ၊ နိဗ္ဗာန်သွားတဲ့ တဖျားယာဉ်သာ၊ နေ့စဉ်စီး၍ ခရီးကွင်စွာ၊ ခွင့်သာခိုက်အားစိုက်ကြိုးစားပါ။

လင်္ကာ။ နိရောဓသစ္စာသိဘို့ရာလွန်စွာနက်လှသည်။

(၄)။ ညစ်နောက်ပူရှုပ်၊ ယုတ်ညံ့ဓမ္မ၊ ရာဂဒေါသ မောဟာကော၊ ကိလေသာဒဏ်အားကင်းဝေးရာမှန်၊ ဒုက္ခငြိမ်းအေးငြိမ်းပြည်နိဗ္ဗာန်။

## ခန္ဓာငါးပါးဝိပဿနာရှုသောကြောင့် နိဗ္ဗာန်ရောက်ပုံ

....o....

**ရူပက္ခန္ဓာ**- ဖေါက်ပြန်တာ၊ ပမာရေမြှုပ်လို၊ ရေမြှုပ်ပုံပြု၊ မြင်အောင်ရှု၊ ရမှုမဂ်နှင့်ဖိုလ်။

**ဝေဒနာက္ခန္ဓာ**- ခံစားတာ၊ ပမာရေပွက်လို၊ ရေပွက်ပုံပြု၊ မြင်အောင်ရှု၊ ရမှုမဂ်နှင့်ဖိုလ်။

**သညာက္ခန္ဓာ**- မှတ်သားတာ၊ ပမာတံလျှပ်လို၊ တံလျှပ်ပုံပြု၊ မြင်အောင်ရှုရမှုမဂ်နှင့်ဖိုလ်။

**သင်္ခါရက္ခန္ဓာ**- ပြုပြင်တာ၊ ပမာငှက်ပျောလို၊ ငှက်ပျောပုံပြု၊မြင်အောင်ရှုရမှုမဂ်နှင့်ဖိုလ်။

**ဝိညာဏက္ခန္ဓာ**- ကြံသိတာပမာမျက်လှည့်လို၊ မျက်လှည့်ပုံပြု၊ မြင်အောင်ရှု၊ ရမှုမဂ်နှင့်ဖိုလ်။

(က) ရုပ်ဓါတ် နာမ်ဓါတ်တို့ထိခိုက်တွေ့ဆုံမှုကြောင့် **အနတ္တ** ဖြစ်ပုံ။

....o....

(၁)။ ဒွါရအာရုံ၊ နှစ်ပါးဆုံ၊ ထင်ပုံအရိပ်၊ သိမှုစိတ်နှင့်၊ မွေးမြိုတ်ခံစားခဲ့မှတ်သား၊ ငါးပါးခန္ဓာ ရုပ်နာမ်သာ၊ ဖြစ်လာမလွဲ၊ ချုပ်ပျက်မြဲ။

(ခ) ရူပါရုံနှင့်နာမ်ဓါတ်တို့ တွေ့ဆုံကြသောကြောင့်အကျိုး **ဘဝခန္ဓာဖြစ်လာပုံ**။

....o....

(၂)။ အာရုံဒွါရတွေ့ကြစုံလင်၊ ထင်ပေါ်အရိပ်၊ သိစိတ်ဝိဉာဉ်ထိုစဉ်ခံစား၊ မှတ်သားအာဉ်သဘောဆောပြောရခန္ဓာသင်။

(ဂ) အကျိုးခန္ဓာကြောင့်၊ သက္ကာယဒိဋ္ဌိ၊ အတ္တ၊ သုဘ၊
ဓုဝ သုခ၊ ဖြစ်ပေါ်လာခြင်း။

....o....

(ဥ) ခန္ဓာ နာမ်ရုပ်၊ အဟုတ်ငါထင်၊ အမှတ်မှားလို့၊ ဓါတ်သားမမြင်၊ အတ္တစွဲနှင့် အလွဲထင်မြင်၊ တရားမရ၊ မှားကြတက်တက်စင်။

(က) ဣရိယာပထ၊ လေးပါးကို ဉာဏ်မပါ မှုကြောင့်၊
သံသာရာ၌ လည်သောလုပ်ငန်းကျင့်ဖြစ်ပုံ။

....o....

လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ မှတ်သား ဘာဝနာ၊ လူ့ရွာ နတ်နန်း၊ ဘုံစခန်းသောချာ၊ ထို့ထက်တိုး၍။ ပွါးများဝေဆာ၊ သေချာစခန်း၊ ပြဟ္မာနန်းဘုံတိုင်ပါ။

(ခ) ဣရိယာပထ၊ လေးပါးကို ဝိပဿနာ၊ ဉာဏ်နှင့်ယှဉ်၍၊
အားထုတ်မှုကြောင့် နိဗ္ဗာန်ရောက်ပုံ။

....o....

(၁) မြင်သိဆဲမျှ............... မှတ်သားဘာဝနာ၊
သုံးလုံးတွင်ရှိတား.......... မိန့်ထားသောချာ၊
ရှေ့နတ်တော်က......... တဖွဖုမှာရှာ၊
တောထ ပွါးများဝိပဿနာ၊

(၂) ကြားသိဆဲမျှ မှတ်သားဘာဝနာ၊
ပေးမိဉာဏ်နှင့် ညွှန်ကြားခဲ့ဘာ
သစ္စာလေးခု၊ တွေ့မှုသေချာ
ငြိမ်းမှာက သောကပရိဒေဝါ

(၃) နံသိဆဲမျှ မှတ်သားဘာဝနာ
တွေ့ရမှာက ငါးခုခန္ဓာ
ပုဂ္ဂိုလ်မဆို ဓါတ်သဘော သေချာ
ထိုခဏ ပျောက်ရအဝိဇ္ဇာ

(၄) ဖေးသိဆဲခဏ ပွါးများဘာဝနာ၊
တွေ့ရမှာက ရသတကာ
ရသာကတော့ ရူပက္ခန္ဓာ
ဒိဋ္ဌိကြီး အကုန်ကြီးကွာတော့တာ

(၅) ထိသိဆဲခဏ ပွါးများဘာဝနာ
ရှိန်ရှိန်သုတ်သုတ် တဖြုတ်ဖြုတ်နေတာ
သက္ကာယအား ကွာဝေးပြီးဘာလါ၊
အပါယ်စခမ်း လွတ်သမ်းဝမ္ဘာ။

(၆) ကြံသိဆဲခဏ ပွါးများဘာဝနာ၊
တွေ့နေတာက ပြန့်လွင့်တရားပါ
ပြန့်လွင့်တရား ချုပ်သွားချင်ကာခါ
ဖြစ်ပေါ်မှု တကျာနိရောဓါ။

[က] ဒါန သီလ သမထကို၊ ပညာဥာဏ်ဝိပဿနာဖြင့် နိဗ္ဗာန် ရောက်ပုံ။ ဓမ္မဂီတာ

....၁....

ဝဋ္ဋနေမြေ ရှန်းကန်ထွက်သို့၊ ဒိုးပုံျစက်နှင့် သွားကြမည် လိုက်ကြမလား၊ သာဝကများရဲ့၊ ဒါနတရားနှင့် အပါခေါ်

ပဉ္စဂုဏံအဟာဝန္ဒာမိသဗ္ဗဒါ။

(၁) ကျေးဇူးကြီးတဲ့မိဘနှစ်ဖြာ၊နေ့စဉ်ဝတ်တွားဘုရားပမာ ကောင်းရာကိုရွေး၊ လုပ်ကျွေးလေပါသူတော်ကောင်း၊ လမ်းဟောင်းစဉ်အလာ။

(၂) မိဘများရဲ့၊ ထားတဲ့မေတ္တာ၊ ပမာပုံခိုင်းမနှိုင်းယှဉ်ရာ၊ ဤမျှဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ သိပါကြ၊ ဒါမှလူ လိမ္မာ။

စီစဉ်ရေးသားသူ (ဦးအဂ္ဂဉာဏ)။

**စုံစမ်** ရန်ဌာန။ ။ဦးဩဘာသ၊ ဓမ္မသစ္စာဝိပဿနာကျောင်းတိုက်
ကျောက်ရေတွင်း၊ မြောက်ပိုင်း (၈)ရပ်ကွက်၊
မဟာရန်ကုန်။ (ယခုနေဆဲဌာန)။

ဆရာတော် ဦးပဏ္ဍိစ္စ၊ ဗားကရာ မဟာ သိပ္ပံ
ကျောင်းတိုက်၊ (မဟာရန်ကုန်)။



(ဝဏ္ဏကျော်ထင် သဘင်နာယက)

(မင်္ဂလာဦးအောင်မောင်း)

(အတိတ်ဘဝရုပ်နာမ်)

ပထမ အကြိမ်
အုပ်ရေ ၃၀၀၀
နိုဝင်ဘာလ ၆၉

ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၃၆၉၉)
နှင့် (၃၆၉၉—က)

ထုတ်ဝေသူ

ဦးအဂ္ဂဉာဏ ကင်းလွတ်ခွင့် အမှတ်
(၀၁၀၄၈) မွေသစ္စာ ဝိပဿနာတိုက်။
ကျောက်ရေတွင်း၊ မြောက်ပိုင်း၊
(၈) ရပ်ကွက် ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးမြဒင် မှတ်ပုံတင်အမှတ် [၀၁၂၇၄မြဲ]
သုမင်္ဂလာ ပုံနှိပ်တိုက် ၄၁၂၊သိမ်ဖြူလမ်း
ရန်ကုန်မြို့။